# (၂၀၀) အကြီးအကျယ်

အိမ်သို့ သူ၏သမီးကို နေ့စဉ်လာ၍ ပိုးပန်းနေသော ဂျပန်ပြန် သူငယ်အား မေးခွန်းထုတ်လိုက်သည်။

"မောင်ရင် . . .ဂျပန်သွားပြီး ငါးနှစ်တောင်အလုပ်လုပ်တယ် ဆိုတော့ ဘာအလုပ်တွေများ လုပ်ရသလဲမောင်ရင်"

"ကျွန်တော် ဖ.ဆ.ပ.လ မှာလုပ်ပါတယ်"

"ဂျပန်မှာလည်း ဖ.ဆ.ပ.လ ရှိလား"

"ဖ.ဆ.ပ.လ ဆိုတာ အဖွဲ့ချုပ်ကို ပြောတာမဟုတ်ဘူး ဦးလေး၊ ဖန်ခွက်ဆေး ပုလင်းချတဲ့ အလုပ်ကိုပြောတာပါ"

"အေး...အေးသဘောပေါက်ပြီ ... ပိုက်ဆံတော်တော်ရလား"

"ရပါတယ် ... မက်မောလောက်အောင်ကိုရပါတယ် ...ကျွန်တော်က ဘွဲ့ရပြီးသားဖြစ်ပေမယ့် အလုပ်လုပ်ရတာကို မရှက်ပါဘူး ... အဲ ... ဖ.ဆ.ပ.လ နှစ်ခြမ်းကွဲရင်တော့..အဲ..အဲ.. ဖန်ခွက်တွေ ပုလင်းတွေ ကျကွဲရင်တော့ လျော်ရပါတယ်"

"မောင်ရင်ပြန်လာတော့ ငွေတော်တော်များများ ပါလာမှာပေါ့"

"ဟုတ်ကဲ့ ... ပါလာတယ်ဦးလေး ..အဲဒီငွေတွေကို မြို့လယ်ခေါင်မှာ လုပ်ငန်းတစ်ခု၊ ကျွန်တော့်အကိုနဲ့ စပ်တူလုပ် ထားပါတယ်"

"တယ်ဟုတ်ပါလား ... ဘာလုပ်ငန်းများပါလိမ့်"

"ကျွန်တော်လည်း ဂျပန်မှာ နောက်ဆုံးပေါ်နည်းစနစ်တွေကို လေ့လာထား တာဆိုတော့ ခေတ်မှီတဲ့ လုပ်ငန်းမျိုးပဲ လုပ်ချင်ပါတယ် ... သချ်ာ သဘောတရားနဲ့ သိပ္ပံပညာပေါင်းစပ်ပြီး တီထွင်ကြံဆလိုက်ရင် အမြတ်အစွန်း အများကြီးရနိုင်တယ်ဦးလေး"

"ဘာလုပ်ငန်းလဲ"

"ဦးလေးရယ် ... လုပ်ငန်းကတော့ကြီးကျယ်တယ် ... သေချာပေါက် မြတ်မဲ့လုပ်ငန်း" ...

"စိတ်ဝင်စားစရာပဲ၊ ဘာလုပ်ငန်းများပါလိမ့်"

"အရက်ဆိုင်ပါ"

"ကောင်းကွာ ... လူတွေ ဒုက္ခ မရောက်အောင် ရေလေး ဘာလေးရောကွ"